# မိဘများအတွက်ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းအိတ်ဆောင်လမ်းညွှန်

engage^ny
Our Students. Their Moment.

## အင်္ဂလိပ်ဘာသာအခြေပြု ဝိဇ္ဇာတွဲ နှင့် သင်္ချာဘာသာရပ်များ

၂၀၁၀ မှာ နယူးယောက်ပြည်နယ် စီမံခန့်ခွဲဘုတ်အဖွဲ့မှ ပြည်နယ်လုံးဆိုင်ရာဗဟိုအခြေပြုသင်ကြားမှုစံနှုန်း (CCSS) ကို ကလေးများအားလုံး အထက်တန်းပြီးဆုံးသောအခါ အောင်မြင်မှု ရရှိနိုင်ရန်ရည်ရွယ်၍ လက်ခံကျင့်သုံးခဲ့သည်။ ဤလမ်းညွှန်သည် စံနှုန်းများ သင့်၏ကလေးအားမည်သို့ သက်ရောက်မှုရှိနိုင်သည်၊ တွေ့ရမည့်အပြောင်းအလဲများ နှင့် ကလေးများ စာသင်ခန်း၌ သင်ကြား တတ်မြောက်နိုင်ရေး အတွက် မိဘများအနေဖြင့် အိမ်၌ မည်သို့ဖေးမကူညီပေးနိုင်သည် တို့ကို နားလည်စေရန် ကူညီပံ့ပိုးပေးသည်။

**ဘာကြောင့် ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းသည် အရေးကြီးပါသနည်း?**
ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းသည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဘယ်လိုကလေးမျိုးကိုမဆို ကလေးများအားလုံးတူညီစွာတတ်မြောက်စေရန် အကူအညီပေးမည်ဖြစ်သည်။ ၎င်းစံနှုန်းများသည် သင်၏ကလေးအတွက် ပိုမိုရှင်းလင်းသော မျှော်မှန်းချက်များကို ဖော်ပြပြီး၊ အဓိကကျသော ရေး၊ ဖတ်၊ ပြော၊ ကြား၊ ဘာသာစကားနှင့် သင်္ချာဘာသာရပ်တို့၌ ထူးချွန်နိုင်စေရန်ရည်ရွယ်သည်။ သင့်အနေနှင့် ဤမျှော်မှန်းချက်များကို သိရှိပါက ဆရာ၊ ဆရာမများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ပြီး သင့်၏ကလေးကို ပံ့ပိုးပြင်ဆင်ပေးနိုင်သည်။

## အင်္ဂလိပ်ဘာသာအခြေပြု ဝိဇ္ဇာတွဲ (ELA)

ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းသစ်သည် လောလောဆယ်စံနှုန်း၌ အရေးကြီးသောပြောင်းလဲမှုများပြုလုပ်ထားသည်။ ဤပြောင်းလဲမှု များကို အပြောင်းအလဲများဟု ခေါ်သည်။ အောက်ပါဇယားသည် အပြောင်းအလဲများအား ပြသပြီး သင့်ကလေးကျောပိုး အိတ်ထဲ၌ တွေ့နိုင်သည် များနှင့် သင့်ကလေးအား မည်သို့ပံ့ပိုးကူညီနိုင်သည်ကို ဖော်ပြထားသည်။ <u>သင့်ကလေး၏ အိမ်စာများ၌ ဤအပြောင်းအလဲများ မတွေ့ပါက ဆရာ နှင့် ဆွေးနွေးပါ။</u>

| ဘာတွေပြောင်းလဲသနည်း? | အိတ်ထဲမှာ ဘာတွေရှာဖွေရမလဲ? | သင်ဘာတွေ လုပ်ဆောင်နိုင်သလဲ? |
|---|---|---|
| • သင့်ကလေးသည် ယခု အတန်းတိုင်း၌ **<u>သုတစာပေကို ပိုဖတ်ရမည်။</u>** | • အတ္ထုပ္ပတ္တိများ၊ ဆောင်းပါးများနှင့် သမိုင်းဖြစ်ရပ်များကဲ့သို့သော ပြင်ပလောကဖြစ်ရပ်များကို အခြေခံသည့် စာပေကျောင်းစာမျိုးကို ရှာဖွေဖတ်ရှုခိုင်းပါ။ | • သင့်ကလေးနှင့်အတူ သုတစာပေ စာအုပ်များကိုဖတ်ပါ။ စာဖတ်ခြင်းကို နှစ်မြိုက်ပျော်မွေ့စရာ ဖြစ်အောင်ပြုပါ။ |
| • သင့်ကလေးသည် **<u>သုတစာပေကို ပိုဖတ်ခြင်းအားဖြင့် ကမ္ဘာလောက အကြောင်း သင်ယူခြင်းကို ဖတ်ရှုခြင်းမှပံ့ပိုးပေးနိုင်သည်။</u>** | • သင့်ကလေးများအတွက် ကမ္ဘာလောကအကြောင်း အချက်အလက် အခြေခံသည့် စာအုပ်များကို အိမ်သို့များများသယ်လာပါစေ။ ဥပမာ၊ သင့် ပထမတန်း သို့မဟုတ် မူကြိုကလေးသည် Clyde Robert Bulla ၏ *သစ်တစ်ပင်သည် အပင်တစ်ပင်ဖြစ်သည်* စာအုပ်ကိုဖတ်လိမ့်မည်။ ဤစာအုပ်သည် ကျောင်းသားများကို သိပ္ပံအကြောင်းသင်ယူစေလိမ့်မည်။ | • မိမိကလေး၏ အတန်းနှင့်ကိုက်ညီ သော သုတစာပေများကို သိရှိ၍ ၎င်းစာအုပ်စာပေများကိုလက်လှမ်း မှီရန် သေချာအောင် ပြုလုပ်ပါ။ |
| • သင့်ကလေးသည် **<u>ခက်ခဲသောစာပေ များကို နီးနီးစပ်စပ် ဖတ်၍</u>** သူတို့ ဖတ်သောစာများကို အဓိပ္ပါယ်ဖော် ဆောင်နိုင်ပြီးနိဂုံးချုပ်နိုင်လိမ့်မည်။ | • သင့်ကလေးသည် ဖတ်ဖူးသောစာအုပ်ပုံပြင်များမှ အချက်အချာကျသော အပိုင်းကို ပြန်လည်ရေးသားပြောပြခိုင်းသော အိမ်စာမျိုးလုပ်ရမည်။ ဥပမာ၊ သင့် ၂ တန်း၊ ၃ တန်းကလေးသည် Faith D'Aluisio၏ *ကမ္ဘာကြီး ဘာစားသလဲ* ကိုအသံထွက်ဖတ်နိုင်ပြီး ပြန်ပြောပြ ရေးပြနိုင်ရမည်။ | • သင့်ကလေးအားခက်ခဲသောစာပေများကို ပေးဖတ်ပါ။ ၎င်းစာပေများကို မည်သို့ နှိုက်နှိုက်ချွတ်ချွတ် ဖတ်ရကြောင်း သင်ပြပါ။ |
| • သင့်ကလေးသည်အရေးအပြောတို့၌ **<u>လျှောက်လဲချက်များကို ထောက်ကူနိုင်ရန် ဖတ်စာများမှ စုဆောင်းထားသော "သက်သေ သာဓက" ကိုသုံး</u>** လိမ့်မည်။ | • သက်သေသာဓကကို လက်ဆုပ်လက်ကိုင်ပြနိုင်သော လျှောက်လဲချက်ပေးရသည့် အိမ်စာကျောင်းစာများကို ရှာဖွေရေးခိုင်းပါ။ သက်သေသာဓကဆိုသည်မှာ တုံ့ပြန်ချက် သို့မဟုတ် နိဂုံးကို ထောက်ကူပေးနိုင်သော စာအုပ်ထဲမှ ဥပမာများဖြစ်သည်။ ဤအရာသည် ရေးကသုံးသော ယူဆချက်မေးမြန်းချက်များမှ ကွဲပြားသည်။ | • သင့်ကလေးအား နေ့စဉ် ဆွေးနွေးချက်များနှင့် သဘောထားကွဲလွဲမှုများအတွက် သာဓက တောင်းပါ။ |
| • သင့်ကလေးသည် **<u>စာရေးသားခြင်းကို စာဖတ်ခြင်းမှ သင်ယူလိမ့်မည်။</u>** | • သင့်ကလေးအား သက်သေသာဓကများ သုံး၍ လျှောက်လဲချက်များနှင့် စာရေးခိုင်းပါ။ ဆိုလိုတာက ၄ တန်း၊ ၅ တန်းအတွက် Steve Otfinoski ရေးသားသော သုတစာပေဖြစ်သည့် *ကလေးများဖတ်ဖို့ ငွေကြေးလမ်းညွှန်* သည်ရေးရန်၊ ဖတ်ရရန် နှစ်ခုလုံးအတွက်ဖြစ်သည်။ | • အိမ်၌ စာရေးခြင်းကို အားပေးပါ။ သက်သေ သာဓကနှင့် အသေးစိတ် အချက်အလက်များ သုံး၍ စာအတူတူရေးသားပါ။ |
| • သင့်ကလေးသည် **<u>ဝေါဟာရများ ပိုမိုသိရှိလာလိမ့်မည်။</u>** | • သင့်ကလေး၏ဝေါဟာရကြွယ်ဝမှုကို ႏိုင်သော အိမ်စာများကို ရှာဖွေလုပ်ဆောင်စေ၍ "ဘာသာစကားသည် စွမ်းအား" ဆိုသည်ကို သင်ပေးပါ။ | • ကလေးများ၊ ကျောင်းမနေသေးသူများ၊ လေးဘက်တွားသွားအရွယ်များ အား မကြာခဏ စာဖတ်ပြပါ။ |

## သင်္ချာဘာသာများ

ကျောင်းသားများ၏ သင်ယူမှု တိုးတက်စေရန် ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းအသစ်ကို စံနှုန်းအဟောင်းမှ ကွဲပြားခြားနားထားသည်။ ဤပြောင်းလဲမှုများကို အပြောင်းအလဲများဟု ခေါ်ဝေါ်သုံးစွဲသည်။ အောက်ပါဇယားသည် အပြောင်းအလဲများအား ပြသပြီး သင်၏ကလေးကျောပိုးအိတ်ထဲ၌ တွေ့နိုင်သည်များနှင့် သင့်၏ကလေးအား မည်သို့ပံ့ပိုးကူညီနိုင်သည်ကို ဖော်ပြထားသည်။ တဖန် <u>သင့်ကလေး၏ အိမ်စာများ၌ ဤအပြောင်းအလဲများ မတွေ့ရပါက ကလေး၏ ဆရာ၊ဆရာမအား ပြောဆိုဆွေးနွေးပါ။</u>

| ဘာတွေပြောင်းလဲသနည်း? | အိတ်ထဲမှာ ဘာတွေရှာဖွေရမလဲ? | သင်ဘာတွေ လုပ်ဆောင်နိုင်သလဲ? |
|---|---|---|
| • သင်၏ကလေးသည် **<u>ပိုနည်းသော ခေါင်းစဉ်အကြောင်းအရာများကို ပိုပြီးနက်နက်ရှိုင်းရှိုင်း လေ့လာမည်</u>**။ သို့မှသာ အပြည့်အဝနားလည်ကြောင်း သေချာနိုင်မည်။ (နည်းခြင်းသည် ပိုများခြင်းဖြစ်သည်။) | • သင်္ချာပုစ္ဆာများ၏ အဖြေများ မည်သို့ရရှိလာပုံ အဆင့်ဆင့်တွက်ပြနိုင်းပြီး အဖြေမည်သို့ရရှိလာပုံကို သင့်ကလေးအား တကယ်သိ၊ မသိ ရှင်းပြနိုင်းပါ။ | • အတန်းအလိုက် ကလေးအတွက် မည်သည့်အယူအဆများသည် အရေးကြီးသည်ကိုသိပြီး ထိုအယူအဆများ၌ အချိန်သုံး တွက်ချက်လေ့ကျင့်ပါ။ |
| • သင်၏ကလေးသည် အခြေခံကောင်းကောင်းဖြင့် အစပြု၍ **<u>တနစ်ပြီးတနစ် အဆတ်မပြတ် သင်ယူနေမည်။</u>** | • တခုပေါ်တခုဆင့်ကဲ လေ့လာရသော အိမ်စာများကိုရှာပါ။ ဥပမာ၊ ကျောင်းသားများသည် ပေါင်း၊ နုတ်၊ မြှောက်၊ စားများကို လေ့လာမည်။ ၎င်းတို့ကို ကျေညက်ပြီဆိုပါက အပိုင်းဂဏန်းကို လေ့လာမည်။ ၎င်းတို့မှ ထပ်ဆင့် အက္ခရာသင်္ချာကို လေ့လာမည်။ သူတို့သင်ယူသော ခေါင်းစဉ်များ၌ အစဉ်အဆက်တိုးတက်မှုကို တွေ့နိုင်မည်ဖြစ်သည်။ | • သင့်ကလေး ယမန်နှစ်က မကျွမ်းကျင်သည်ကို သိရှိ၍၊ ထိုစိန်ခေါ်မှုများကို ရှေ့ဆက်နိုင်ရန် ပံ့ပိုးကူညီပါ။ |
| • သင့်ကလေးအား **<u>သင်္ချာတွက်ရန် အချိန်ပေးပါ၊ အခြေခံသင်္ချာများကို နားလည်၊ မှတ်သား၊ သိရှိစေပါ။</u>** | • သင့်ကလေးအား အခြေခံသင်္ချာများကို ကျေညက်သိရှိစေရန် လေ့ကျင့်ရသည့် အမြှောက်ဇယား သို့မဟုတ် ၂၀ ထိ အုပ်စုအပေါင်း ကဲ့သို့သော အိမ်စာများကို ရှာဖွေတွက်ခိုင်းပါ။ | • သင့်ကလေးအား အခြေခံသင်္ချာများကို နားလည်၊ မှတ်သား၊ သိရှိစေရန် ကူညီပါ။ သင့်ကလေးအား နေ့စဉ်ဘဝ၌ သင်္ချာ အသုံးပြုရန် တိုက်တွန်းပါ။ |
| • သင်၏ကလေးသည် **<u>သင်္ချာ အဘယ်ကြောင့် အသုံးဝင်ကြောင်းသိရှိ၍ ပြောဆိုဆွေးနွေးနိုင်ပြီး ထိုသို့အသုံးဝင်ကြောင်းကို သိရှိကြောင်း သက်သေပြနိုင်းပါ။</u>** | • သင့်ကလေးအား သူတို့၏သင်္ချာတွေးပုံခေါ်ပုံကိုပြသရှင်းပြနိုင်းသောအိမ်စာများ၌ သူတို့၏အဖြေမှန်သည်ဟု ဘာကြောင့်ထင်ကြောင်းမေးမြန်းပါ။ | • သင့်ကလေးအား သင်္ချာအိမ်စာများအကြောင်းပြော၍ အယူအဆသစ်များကို သင့်အားသင်ပြနိုင်းပါ။ သူတို့အား သူတို့စဉ်းစားပုံစဉ်းစားနည်းကို ရှင်းပြနိုင်ရန် ကူညီပါ။ |
| • သင့်ကလေးအား **<u>နေ့စဉ်ကြုံတွေ့နေရသော ကိစ္စများ၌ သင်္ချာအား အသုံးပြုနိုင်းပါ။</u>** | • ပြင်ပလောက၌ မူတည်ထားသော သင်္ချာပုစ္ဆာများကို ရှာဖွေပါ။ ဥပမာ၊ ၅ တန်းအိမ်စာ၌ အချိုပွဲချက်နည်း သို့မဟုတ် သူငယ်ချင်းများ ပီစာကို အချိုးကျမည်သို့ခွဲဝေစားသုံးမည်တို့ တွက်နိုင်သော အမြှောက်အပိုင်းဂဏန်းပါဝင်ကောင်းပါဝင်မည်။ | • နေ့စဉ်အိမ်၌ သင့်ကလေးအား သင်္ချာတွက်ရန် အချိန်သက်မှတ်ပေးထားပါ။ |

## ကိုယ့်ကလေး၏ ဆရာနှင့် စကားပြောဆိုခြင်း

သင့်ကလေး၏ ဆရာ၊ဆရာမအား ပြောဆိုဆွေးနွေးသောအခါ ကလေးနှင့်သက်ဆိုင်သော အရေးကြီးဆုံး အကြောင်းအရာကိုသာ အစဉ်တစိုက်ပြောဆိုဆွေးနွေးပါ။ ဆိုလိုသည်မှာ ဆရာအား ကလေး၏ အတန်းအလိုက် စံနှုန်းများ၊ မျှော်မှန်းချက်များပေါ်၌ ကလေးမည်သို့ လုပ်ဆောင်ကြိုးစားနေသည်ကို မေးမြန်းပါ။

ပြီးတော့ သင့်ကလေး၏ ကျောင်းစာလုပ်ဆောင်မှုများကို ဆရာ၊ ဆရာမထံမှ တောင်းကြည့်ပါ။ သင့်ကလေး၏ ကျောင်းစာလုပ်ဆောင်မှုများကို ဤ http://www.engageny.org/resource/new-york-state-common-core-sample-questions ၌ တိုက်ကြည့်ပါ။ ပြီးလျှင် ထိုနမူနာများကို ဆရာ၊ ဆရာမထံယူလာပြပြီး ထိုနမူနာများစာသင်ခန်းထံ၌ မည်သို့အသုံးချသည်ကို ရှင်းပြခိုင်းပါ။

ဤသတင်းအချက်အလက်များသည် သင်၏ကလေး အတန်းထဲ၌ ထူးချွန်အောင်မြင်စေဖို့ ကူညီပံ့ပိုးပေးရန် အရေးကြီးသောပြင်ဆင်ညှိနှိုင်းချက်များပြုလုပ်နိုင်ရေးအတွက် ထောက်ကူပေးသည်။

*ပို၍သိလိုလျှင် ကျေးဇူးပြု၍ www.engageny.org သို့သွားရောက်လေ့လာပါ၊ သို့မဟုတ် သင်၏ သက်ဆိုင်ရာ ကျောင်းအုပ် သို့မဟုတ် ကျောင်းအုပ်ကြီး/ပညာဝန် ကိုဆက်သွယ်ပါ။*